

# စစ်တွေမြို့နယ်အတွင်းရှိ သားဖွားဆရာမများ၏သားဖွားခြင်းဆိုင်ရာ အသိပညာ၊ ဗဟုသုတ နှင့် ခံယူချက်များကို လေ့လာခြင်း သုတေသနစာတမ်း

# အခန်း(၁) နိဒါန်း

- မိခင်သေဆုံးမှုများသည် ကမ္ဘာနှင့်အဝှမ်း ဖြစ်ပွားလျက်ရှိသော ကြီးမားသော ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်သည်။
- နှစ်စဉ် မိခင်ပေါင်း ၅၂၉၀၀၀ ဦး သည် ကိုယ်ဝန်ဆောင်ခြင်းနှင့် ပတ်သက်သော ပြဿနာများကြောင့် သေဆုံးနေရပြီး ၄င်းတို့အနက် (၉၉%) သော သေဆုံးမှုများသည် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ဖြစ်ပွားနေကြောင်းတွေ့ရှိရပါသည်။
- မြန်မာနိုင်ငံ ဗဟို စာရင်းအင်းအဖွဲ့၏ ထုတ်ပြန်ချက်အရ မိခင်သေဆုံးမှုနှုန်းသည် အရှင်မွေး တစ်သိန်းလျှင် ၁၂၃ ရှိပြီး ကျေးလက်ဒေသများတွင် ၁၅၇ အထိရှိကြောင်း သိရှိရပါသည်။

# အခန်း(၁) နိဒါန်း

မိခင် သေဆုံးရခြင်း အကြောင်းရင်း များကို ဆန်းစစ်ကြည့်ပါက

- မွေးပြီးသွေးသွန်ခြင်း (၃၁%)၊
- သွေးတိုးခြင်းနှင့် သွေးဆိပ်တက်ခြင်း (၁၇%)၊
- သားပျက်သားလျှောခြင်း (၁၀%)

အသီးသီး ရှိကြောင်းတွေ့ရှိရပါသည်။

ကိုယ်ဝန်ဆောင်စဉ် (သို့မဟုတ်) သားလျှောပြီးနောက် (၄၂)ရက်အတွင်း မိခင်သေဆုံးပြီး ၄င်းသေဆုံးခြင်းသည် ကိုယ်ဝန်ဆောင်ခြင်းနှင့် နီးနွယ်နေပါက မိခင်သေဆုံးခြင်းဟု သတ်မှတ်ပါသည်။

# အခန်း(၁) နိဒါန်း

- မိခင်သေဆုံးခြင်း မှ ကာကွယ်နိုင်ရန် အရည်အသွေး ပြည့်ဝသော ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုနှင့် ကျွမ်းကျင်သူနှင့် မွေးဖွားနိုင်ရန် အလွန်အရေးကြီးပါသည်။
- ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု လွှမ်းခြုံမှု ရာနှုန်းသည် (၇၀.၆%) ဖြစ်ပါသည် (အမျိုးသားကျန်းမာရေးစီမံကိန်း ဦးစီးဌာန၊ ၂၀၁၁)။
- မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်း၊ ရခိုင်ပြည်နယ်၏ ၈၄ ရာခိုင်နှုန်းသော ပြည်သူလူထုသည် ကျေးလက်နေ ပြည်သူများဖြစ်ရာ သားဖွားဆရာမများ၏ ကိုယ်ဝန်ဆောင်စောင့် ရှောက်မှု အရည်အသွေး၊ မွေးဖွားခြင်းဆိုင်ရာ အရည်အသွေးများသည် များစွာ အရေးပါလှပါသည်။

# အခန်း(၂) ရည်မှန်းချက်များ (OBJECTIVES)

- **ယေဘုယျရည်မှန်းချက် (General Objective)**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် အတွင်းရှိ သားဖွားဆရာမများ ၏ သားဖွားခြင်းဆိုင်ရာ အသိပညာ၊ ဗဟုသုတ နှင့် ခံယူချက်များကို လေ့လာ ဆန်းစစ်ရန်။

- **ဝိသေသရည်မှန်းချက်များ (Specific Objectives)**

၁။ စစ်တွေမြို့နယ် အတွင်းရှိ သားဖွားဆရာမများ၏ သားဖွားခြင်းဆိုင်ရာ အသိပညာဗဟုသုတ အဆင့်အတန်း နှင့် သိရှိမှုအခြေအနေအား လေ့လာရန်။

၂။ စစ်တွေမြို့နယ် အတွင်းရှိ သားဖွားဆရာမများ၏ သားဖွားခြင်းဆိုင်ရာ ခံယူချက် သဘောထားများအား လေ့လာရန်။

၃။ လေ့လာဆန်းစစ်ချက်များပေါ် မူတည်၍ ထိရောက်သော စီမံချက်များ ချမှတ်ဆောင်ရွက်သွားရန်။

# အခန်း(၃) သုတေသန နည်းစနစ် (RESEARCH METHODOLOGY)

- **သုတေသနပုံစံ (Study Design)**

သုတေသန နည်းစနစ်မှာ (Cross-Sectional Descriptive Study) ဖြစ်ပါသည်။

- **သုတေသန ရည်မှန်းအုပ်စု (Study Population)**

(Study Population) မှာ စစ်တွေမြို့နယ် အတွင်းရှိ အမျိုးသမီး ကျန်းမာရေးဆရာမများနှင့် သားဖွားဆရာမများ ဖြစ်သည်။

- **သုတေသန လေ့လာသည့် နေရာဒေသ (Study Area)**

(Study Area) မှာ ရခိုင်ပြည်နယ် စစ်တွေ မြို့နယ် ဖြစ်သည်။

# အခန်း(၃) သုတေသန နည်းစနစ် (RESEARCH METHODOLOGY)

- **သုတေသန လေ့လာခဲ့သည့် ကာလ (Study Period)**

၂၀၁၆ ခုနှစ် ဒီဇင်ဘာလ အတွင်း ဖြစ်ပါသည်။

- **သုတေသနအချက်အလက်များ ကောက်ယူသော နည်းစနစ်များနှင့် အသုံးပြုပုံစံများ (Data Collection Methods and Tools)**

Structured Questionnaries များအသုံးပြု၍ မေးမြန်းခဲ့ခြင်း ဖြစ်ပါသည်။

- **သတင်းအချက်အလက်များကို စီမံခန့်ခွဲခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း (Data Management and Data Analysis)**

ကောက်ယူရရှိလာသော သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း မပြုမီ ၄င်းတို့၏ တိကျမှု (Accuracy) ကို ဦးစွာသုံးသပ်ပါသည်။ ထို့နောက် (Data Entry)၊ (Data Analysis) များကို (SPSS 16.0 Software) အသုံးပြု၍ ဆောင်ရွက်ခဲ့ပါသည်။

# အခန်း(၄) လေ့လာတွေ့ရှိချက်များ(FINDINGS)

## ဖြေဆိုသူ၏ ပြည့်ပြီး အသက်

| အသက် | ဦးရေ | ရာခိုင်နှုန်း |
|---|---|---|
| ၂၁ နှစ် မှ ၃၀ နှစ် | ၂၀ | ၃၇.၇ |
| ၃၁ နှစ် မှ ၄၀ နှစ် | ၁၉ | ၃၅.၈ |
| ၄၁ နှစ် မှ ၅၀ နှစ် | ၇ | ၁၃.၂ |
| ၅၁ နှစ် မှ ၆၀ နှစ် | ၇ | ၁၃.၂ |
| စုစုပေါင်း | ၅၃ | ၁၀၀ |

# လက်ရှိတာဝန်ထမ်းဆောင်နေသော ဌာန (RHC)

| ဌာန (RHC) | ဦးရေ | ရာခိုင်နှုန်း |
|---|---|---|
| မြို့မ | ၁၄ | ၂၆.၄ |
| ပါဒလိတ် | ၅ | ၉.၄ |
| ရေချမ်းပြင် | ၆ | ၁၁.၃ |
| ကျောက်တန်း | ၇ | ၁၃.၂ |
| ဝါဘို | ၆ | ၁၁.၃ |
| ဇောပူဂျာ | ၆ | ၁၁.၃ |
| ဒါးပိုင် | ၇ | ၁၃.၂ |
| မင်းဂံ | ၂ | ၃.၈ |
| စုစုပေါင်း | ၅၃ | ၁၀၀ |

# ဖြေဆိုသူ၏ စုစုပေါင်း လုပ်သက်

| စုစုပေါင်း လုပ်သက် | ဦးရေ | ရာခိုင်နှုန်း |
|---|---|---|
| ၂ နှစ်အောက် | ၇ | ၁၃.၂ |
| ၃ နှစ် မှ ၅ နှစ် | ၁၅ | ၂၈.၃ |
| ၆ နှစ် မှ ၁၀ နှစ် | ၈ | ၁၅.၁ |
| ၁၁ နှစ် နှင့်အထက် | ၂၃ | ၄၃.၄ |
| စုစုပေါင်း | ၅၃ | ၁၀၀ |

# ဖြေဆိုသူ၏ လက်ရှိရာထူး

| လက်ရှိရာထူး | ဦးရေ | ရာခိုင်နှုန်း |
|---|---|---|
| သားဖွားဆရာမ | ၄၄ | ၈၃ |
| အမျိုးသမီးကျန်းမာရေး ဆရာမ | ၉ | ၁၇ |
| စုစုပေါင်း | ၅၃ | ၁၀၀ |

# အသိပညာ ဗဟုသုတ ဆိုင်ရာ မေးခွန်း ဖြေဆိုနိုင်မှုအခြေအနေ



## မေးခွန်း(၁)

ကိုယ်ဝန်ဆောင်အား ပြီးပြည့်စုံသော ကိုယ်ဝန်စမ်းသပ်မှု ပြုလုပ်ရန် လိုအပ်သည့် ကိုယ်ဝန်ဆောင် အမျိုးအစားမေးခွန်းကို မှန်ကန်စွာ ဖြေဆိုနိုင်သူ




## မေးခွန်း(၂)

ကိုယ်ဝန်ဆောင်အား ပြီးပြည့်စုံသော ကိုယ်ဝန်စမ်းသပ်မှု ပြုလုပ်ရန် လိုအပ်သည့် ကိုယ်ဝန်ဆောင် အမျိုးအစားမေးခွန်းကို မှန်ကန်စွာ ဖြေဆိုနိုင်သူ



**မေးခွန်း(၃)**

ကိုယ်ဝန်ဆောင်နေသူ တစ်ဦး

သွေးဆိပ်တက်ခြင်း(Eclampsia) အတွက်

ကုသနည်းအား  မှန်ကန်စွာ သိရှိ ဖြေဆိုနိုင်သူ




**မေးခွန်း(၄)**

သန္ဓေသား၏ ပုံမှန် နှလုံးခုန်နှုန်း ကို မှန်ကန်စွာ

သိရှိ ဖြေဆိုနိုင်သူ



**မေးခွန်း(၅)**

မေးဖြေခြင်း ဒုတိယအဆင့်တွင် တွေ့ရှိရသော အခြေအနေများ ကို မှန်ကန်စွာ သိရှိ ဖြေဆိုနိုင်သူ




**မေးခွန်း(၆)**

မေးဖြေခြင်းဒုတိယအဆင့်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများ ကို မှန်ကန်စွာ သိရှိ ဖြေဆိုနိုင်သူ



**မေးခွန်း(၇)**

အချင်းကျခြင်း၏ လက္ခဏာများ ကို မှန်ကန်စွာ သိရှိ ဖြေဆိုနိုင်သူ




**မေးခွန်း(၈)**

မိခင်နို့တိုက်ကျွေးခြင်းကို စတင်ရန် အကောင်းဆုံးအချိန် ကို မှန်ကန်စွာ သိရှိ ဖြေဆိုနိုင်သူ



**မေးခွန်း(၉)**

Partograph တွင် မှတ်တမ်းတင် ထားရှိသည့် အချက်များ ကို မှန်ကန်စွာ သိရှိ ဖြေဆိုနိုင်သူ




**မေးခွန်း(၁၀)**

အချင်းကျပြီးနောက် သွေးဆက်ထွက်နေလျှင် လူနာလွှဲပြောင်းရန် စီစဉ်ဆောင်ရွက် ခြင်းနှင့် တချိန်တည်းတွင် လုပ်ဆောင်ရမည့် ကိစ္စ ကို မှန်ကန်စွာ သိရှိ ဖြေဆိုနိုင်သူ



# အသိပညာ ဗဟုသုတ ဆိုင်ရာ မေးခွန်းများ ဖြေဆိုနိုင်မှု အခြေအနေ



# ခံယူချက် သဘောထား ဆိုင်ရာ မေးခွန်း ဖြေဆိုနိုင်မှုအခြေအနေ

မေးခွန်း(၁) ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု ခံယူရန် မိမိထံရောက်လာသူသည် သတ်မှတ် ချိန်ထက် မည်မျှပင် နောက်ကျ စေကာမူ မှတ်ပုံတင်ခြင်း ကို ဆောင်ရွက်ပေးရမည်။



မေးခွန်း(၂) ကျန်းမာရေးဌာနသို့ လာရောက်ခြင်း မရှိစေကာမူမိမိအပိုင်ရပ်ရွာထဲမှ လာရောက်မှတ်ပုံ တင်ခြင်းမရှိသော ကိုယ်ဝန်ဆောင်များကို ရပ်ရွာထဲသို့ကွင်းဆင်းရှာဖွေ၍ ကျန်းမာရေး ဌာနသို့ လာရောက်၍ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူ စေရန် ဆောင်ရွက်ရမည်။



မေးခွန်း(၃) ကိုယ်ဝန်ဆောင်တိုင်းသည် ကျန်းမာရေးဌာနများတွင်သာ မွေးဖွားသင့်ကြောင်း တိုက်တွန်းရမည်။



မေးခွန်း(၄) မွေးဖွားရန်နေရာဌာနကို မိမိအနေဖြင့် မည်သို့ အကြံပြု တိုက်တွန်းစေကာမူ ကိုယ်ဝန်ဆောင်၏ ကိုယ်ပိုင် ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။



မေးခွန်း(၅) မီးဖွားခြင်းကိစ္စသည် အမျိုးသမီးများ၏ ကိစ္စသာဖြစ်ပြီး ခင်ပွန်းသည်များ၏ အကြံဉာဏ်နှင့် ကူညီ ဆောင်ရွက်မှုများမလိုအပ်ပါ။



မေးခွန်း(၆) မိမိထံလာ ရောက်အပ်နှံခြင်း မရှိသော၊ အခြားသူတစ်ဦးနှင့် ပြသနေသော ကိုယ်ဝန်ဆောင် တစ်ဦးသည် ၄င်းအတွက် သင့်တော်သော ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု မရရှိဟု ယူဆပါက ထိုက်သင့်သော စောင့်ရှောက်မှု ရရှိစေရန် အကြံပေးမည်။



မေးခွန်း(၇) မိမိကိုယ်တိုင် ကိုယ်ဝန်ဆောင် စောင့်ရှောက်ခြင်း၊ မီးဖွားခြင်း ဖြစ်စဉ်များ တွင် တစုံတရာ အခက်အခဲ ပေါ်ပေါက်ပါက မိမိ၏ လုပ်ဖော်ကိုင်ဖက်များထံမှ မဆိုင်းမတွ အကူအညီတောင်းခံမည်။



မေးခွန်း(၈) မီးဖွားရန် လာရောက်သော ကိုယ်ဝန်ဆောင်သည် ရုံးချိန်ပြင်ပ / အချိန်မတော် ရောက်ရှိလာပါကလည်း ကူညီ ဆောင်ရွက်ပေးမည်။



# မေးခွန်း(၉) မီးဖွားမှုဖြစ်စဉ်တိုင်း အတွက် Partograph အသုံးပြုရမည်။



မေးခွန်း(၁၀) ကိုယ်ဝန်ဆောင်များ မီးဖွားရန်အတွက် ကျန်းမာရေးဌာနသို့ မလာရောက်ရခြင်း အကြောင်း ရင်းမှာ ကျန်းမာရေးဝန်ထမ်းများမှ ၄င်းတို့ကို လေးစားစွာ ဆက်ဆံခြင်း မရှိသော ကြောင့်ဖြစ်သည်



# အခန်း(၅) ဆွေးနွေး တင်ပြချက်များ

**ဖြေဆိုသူများ၏ ကိုယ်ရေးနောက်ခံအချက်အလက်များ**

- သုတေသနတွင် ပါဝင် ဖြေဆိုသူ သူ အများစုသည် အသက်အရွယ်အားဖြင့် ငယ်ရွယ်သူ ဖြစ်ကြောင်း တွေ့ရှိရပါသည်။
- သုတေသနတွင် ပါဝင်သူများအနက် စစ်တွေမြို့မ ကျန်းမာရေးဌာနတွင် တာဝန်ထမ်းဆောင်သူမှာ အများစု ဖြစ်ပြီး ၂၆.၄ ရာခိုင်နှုန်း ရှိပါသည်။
- လုပ်သက်အားဖြင့် လေ့လာကြည့်ရလျှင် အများစုမှာ စုစုပေါင်း လုပ်သက် ၁၁ နှစ်နှင့် အထက်ဖြစ်ပြီး ၄၃.၄ ရာခိုင်နှုန်း ရှိပါသည်။
- သုတေသနပြုမှုတွင် ပါဝင်သူများအနက်အများစု မှာ သားဖွား ဆရာမ ရာထူး ဖြင့် ၄၄ ဦး (၈၃.၀%) ဖြစ်ပြီး အမျိုးသမီး ကျန်းမာရေးဆရာမ ၉ ဦး ( ၁၇% ) သာပါဝင်ပါသည်။

## ဖြေဆိုသူများ၏ သားဖွားခြင်းဆိုင်ရာ အသိပညာ ဗဟုသုတ

- ရလဒ်များကို သုံးသပ်ကြည့်ပါက ကောင်းမွန်စွာ ဖြေဆိုနိုင်သည့် ဦးရေ နည်းပါးကြောင်း တွေ့ရှိရပါသည်။
- "မိခင်နို့တိုက်ကျွေးခြင်းကို စတင်ရန် အကောင်းဆုံးအချိန်" မေးခွန်းသည် အများဆုံး ဖြေဆိုနိုင်ပြီး ၅၀ ဦး (၉၄.၃%) ရှိကြောင်း တွေ့ရှိရပါသည်။
- အမှားအများဆုံး မေးခွန်း သည် မေးခွန်းအမှတ်(၃) ကိုယ်ဝန်ဆောင်နေသူ တစ်ဦး သွေးဆိပ်တက်ခြင်း(Eclampsia) အတွက် ကုသနည်း ဖြစ်၍ အဆိုပါမေးခွန်းအား မှန်ကန်စွာဖြေဆိုနိုင်သူ ၁ ဦး (၁.၉%) ရှိပါသည်။

## ဖြေဆိုသူများ၏ သားဖွားခြင်းဆိုင်ရာ အသိပညာ ဗဟုသုတ

- အခြား အများအများဆုံး မေးခွန်းများမှာ မွေးဖွားခြင်းတတိယအဆင့်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများ အဖြေမှားသူ ၅၁ ဦး (၉၆.၂%) ၊ Partograph တွင် မှတ်တမ်းတင် ထားရှိသည့် အချက်များ အဖြေမှားသူ ၅၀ ဦး (၉၄.၃%) နှင့် အချင်းကျခြင်း၏ လက္ခဏာများ အဖြေမှားသူ ၄၅ ဦး (၈၄.၉%) တို့ ဖြစ်ပါသည်။
- မိမိတို့၏ အဓိက လုပ်ငန်းဖြစ်သော သားဖွားခြင်းဆိုင်ရာ အသိပညာ ဗဟုသုတ မေးခွန်းများကို အတိုင်းအတာ တစ်ရပ်အထိ ဖြေဆိုနိုင်ခဲ့ သော်လည်း လက်တွေ့တွင် ကွာဟချက်၊ အားနည်းချက်များ ရှိနေသေးကြောင်း သုံးသပ်ရပါသည်။

**ဖြေဆိုသူများ၏ သားဖွားခြင်းဆိုင်ရာ ခံယူချက်သဘောထား**

- ရခိုင်နှုန်း အနည်းငယ်မျှသော ဖြေဆိုသူမှ အပ ကျန် ဖြေဆိုသူများ အားလုံးသည် ခံယူချက် ကောင်းမွန်ကြောင်းလေ့လာ တွေ့ရှိရ ပါသည်။

- မေးခွန်းဖြေဆိုမှု သက်သက်ဖြင့် ခံယူချက် ကောင်းမွန်ကြောင်း၊ လက်တွေ့ဆောင်ရွက်ကြောင်း တသမတ် တည်း ကောက်ချက်ချ၍ မရနိုင်သော်လည်း မိမိတို့ လုပ်ငန်းခွင် ပတ်ဝန်းကျင် တွင် ထားရှိရမည့် စံပြုမှု များကို သိရှိနားလည် သဘောပေါက်သူများဖြစ်ကြောင်း သွယ်ဝိုက်၍ ကောက်ချက် ချနိုင်ပါသည်။

# အခန်း (၆)　　အကြံပြုချက်များ

၁။သားဖွားဆရာမများ ၏ အသိပညာ ဗဟုသုတနှင့် လုပ်ငန်းခွင် အရည် အသွေး များ ပြည့်ဝလာစေရန်　သင်တန်း စီမံချက်များကို ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ်အလိုက်ရေးဆွဲအကောင်အထည်ဖေါ်ရန်။ (Continuous professional development)

၂။ဌာနအသီးသီးရှိ　သားဖွားဆရာမများအား　သက်ဆိုင်ရာ　တာဝန်ရှိသူ　အသီးသီးမှ သားဖွားခြင်းဆိုင်ရာ လုပ်ငန်းနှင့် ပတ်သက်၍ အဆင့်ဆင့် ကြီးကြပ် ကွပ်ကဲသင်ကြားခြင်းကို အားဖြည့်ဆောင်ရွက်ရန်။ (Strengthening supportive supervision)

# အခန်း (၆) အကြံပြုချက်များ

၃။သားဖွားဆရာမများ အားလုံးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ဝေသော သားဖွားခြင်းနှင့်သက်ဆိုင်သည့် လုပ်ငန်းလမ်းညွှန် စာအုပ်များ ရရှိနေစေရန်။ (Ensuring access to guidelines on obstetric care issues)

၄။မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ပြည်သူလူထုအခြေပြု ကိုယ်ဝန်ဆောင်နှင့် မီးဖွားမိခင် စောင့်ရှောက်ခြင်း များဆောင်ရွက်ရန်။ (Enhancement of community-based antenatal and obstetric care practice in collaboration with MMCWA)

# အခန်း(၇) နိဂုံး

- မွေးဖွားခြင်း လုပ်ငန်း ဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများ ၏ လက်ရှိ ပကတိ အသိပညာ အခြေအနေ၊ ခံယူချက် သဘောထား များကို လေ့လာ သိရှိခဲ့ရပါသည်။
- ထိုတွေ့ရှိချက်များမှ တဆင့် ကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေးကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက် ပေးရမည့် နည်းလမ်းများ၊ သင်ကြား ပြသပေးရမည့် ထားရှိအပ်သော ခံယူချက် သဘောထားများ ကို သုံးသပ် တွေ့ရှိရပါသည်။
- ကိုယ်ဝန်ဆောင် မိခင်များ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးခြင်းသည် ကျန်းမာရေးအတွက် သုံးစွဲရမည့် ဘဏ္ဍာငွေကို သက်သာစေနိုင်သဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို တနည်းအားဖြင့် လုပ်ဆောင်ခြင်းဖြစ်ပါသည်။

# အခန်း(၇)        နိဂုံး

- ကိုယ်ဝန်ဆောင်နှင့် မီးဖွားမိခင်များ၏ ကောင်းမွန်သော ကျန်းမာရေးဖြစ်စေရန် နိုင်ငံတော်မှ စီမံချက်ချမှတ် ဆောင်ရွက်နေချိန်တွင် မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းကြီး အနေဖြင့်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်သွားခြင်းဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အုတ်တစ်ချပ်သဲတစ်ပွင့် အနေဖြင့် ပါဝင်နိုင်မည် ဖြစ်ပါကြောင်း နိဂုံးချုပ်တင်ပြအပ်ပါသည်။




# THANK YOU